# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၉) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၅ |
| ၆ | (က) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ ခေါင်လန်ဖူးမြို့နယ်တွင် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ချထားပေးရန်အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | (ခ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ ဆစ်(ခ်)လူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်းပါသည့် ဓာတ်ပုံများ ဆက်လက်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) ဦးထွန်းထွန်းဝင်း၊ ရမည်းသင်း မဲဆန္ဒနယ်၏ ရမည်းသင်းမြို့နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မ(၃)ထပ်ဆောင်အား (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ် ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | (ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ အင်တောမြို့နယ်ခွဲ၊ ကျောက်ဂူကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |

| | | |
|---|---|---|
| ၁၀ | (င) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ ဒက္ခိဏသီရိမြို့နယ်ရှိ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ငွေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်း ကျေးရွာများ လျှပ်စစ်မီးလင်းရေး မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၁၁ | (စ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ ဝါးပိုးရေ၊ ညောင်ခြေထောက်၊ သက်ကယ်လွင်၊ ယစကျီ၊ ဂနိုင်ယား၊ လင်းလေအင်း၊ မဲနယ်တောင်ကျေးရွာများအား လျှပ်စစ်မီးရရှိရေး အတွက် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၁၂ | (ဆ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ မိုးနဲမြို့နယ် ဓာတ်အားခွဲရုံမှ သွယ်တန်းရယူထားသော (၁၁ KVA) ဓာတ်အားလိုင်း နေ့စဉ် ရက်ဆက် ဓာတ်အားပြတ်တောက်မှုကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း နှင့် လင်းခေးမြို့နယ်၊ နမ့်တွန်ဓာတ်အားခွဲရုံမှ သွယ်တန်း ရယူမည့် (၃၃ KVA) ဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးမှုကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၁၃ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း | ၂၀ |
| ၁၄ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။ | ၂၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၁၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၇–၃–၂၀၁၇ ] (သောကြာနေ့) နေ့လယ် ၁၃၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်တွင် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ **ဆစ်(ခ်)လူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်းပါသည့် ဓာတ်ပုံများ ဆက်လက်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးထွန်းထွန်းဝင်း၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မ(၃)ထပ်ဆောင်အား (၂၀၁၇–၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **အင်တောမြို့နယ်ခွဲ၊ ကျောက်ဂူကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များ ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ဒက္ခိဏသီရိမြို့နယ်ရှိ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ဖွေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်း ကျေးရွာများ လျှပ်စစ်မီးလင်းရေး မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်စိုးမင်း၊ ရွာင် မဲဆန္ဒနယ်၏ **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝါးပိုးရေ၊ ညောင်ခြေထောက်၊ သက်ကယ်လွင်၊ ယစကျီ၊ ဂနိုင်ယား၊ လင်းလေအင်း၊ မဲနယ်တောင်ကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မိုးနဲမြို့နယ်ဓာတ်အားခွဲရုံမှ သွယ်တန်းရယူထားသော (11 KVA) ဓာတ်အားလိုင်း နေ့စဉ်ရက်ဆက် ဓာတ်အားပြတ်တောက်မှုကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်းနှင့် လင်းခေးမြို့နယ်၊ နမ့်တွန်ဓာတ်အားခွဲရုံမှ သွယ်တန်းရယူမည့် (33 KVA) ဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးမှုကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
## (၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နေ့လယ် ၃ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၅:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထား တဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၃) အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ခွင့် ၁ ရက်၊

(၄) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၆) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၇) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၈) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၉) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၁၀) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊

(၁၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၁၂) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၁၃) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၁၄) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၁၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၁၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၉) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊

(၂၀) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊

(၂၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၂၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၂၃) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၂၄) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၂၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၂၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၂၇) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၂၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

**မှူကြမ်း**

(၂၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၃၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးခင်မောင်မောင် ခွင့် ၁ ရက်၊

(၃၁) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၃၂) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၃၃) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၃၄) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၃၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၃၆) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၃၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်၊

(၃၈) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊

(၃၉) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်နှင့်

(၄၀) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားထားသူ ၁၇ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၄၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး

တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းပြုတဲ့အခါမှာ သတ်မှတ်ချိန်အတွင်း လိုရင်းကို ထိထိမိမိမေးမြန်းခြင်း၊ ဖြေကြားခြင်းပြုလုပ်ဖို့ ကြိုတင်အသိပေးအပ်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်တွင် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူးမြို့နယ်တွင် နိမ့်ကျလျက်ရှိသည့် ပညာရေးကဏ္ဍ၌ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းရှိသည့်ပညာရေးဝန်ထမ်းများကို တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်သည် အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှုအနောက်ကျဆုံးမြို့နယ်ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် အ.ထ.ကကျောင်းတစ်ကျောင်း၊ အ.ထ.က(ခွဲ)တစ်ကျောင်း၊ အ.လ.ကတစ်ကျောင်း၊ အ.လ.က(ခွဲ) ခုနစ်ကျောင်း၊ မူလွန်တစ်ကျောင်း၊ အ.မ.က ၅၇ ကျောင်း စုစုပေါင်း ၆၈ ကျောင်းရှိပါတယ်။ အဲဒီ ၆၈ ကျောင်းနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ပညာရေးဝန်ထမ်း ခွဲဝေအင်အား ၅၃၄ ဦးရှိရမည်ဖြစ်သော်လည်း လက်ရှိဝန်ထမ်းဦးရေမှာ ၃၅၉ ဦးသာရှိပြီး ၁၇၅ ဦး လစ်လပ်လျက်ပါတယ်။

**မူကြမ်း**

ဥက္ကဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍ၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူးမဆိုထားနှင့် ရိုးရိုးဖြင့် အောင်မြင်မှုမရှိသည်မှာ ၂၀၀၉ ခုနှစ်ကစပြီး ခြောက်နှစ်ရှိပြီဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမရှိတဲ့အတွက် ဒေသခံဝန်ထမ်း အင်မတန်ရှားပါးနေပါတယ်။ အဲဒီလိုဖြစ်နေရခြင်းမှာ အရည်အချင်းရှိ ပညာရေးဝန်ထမ်းများ စေလွှတ်ပေးမှုမရှိခြင်း၊ မူလတန်းပြဆရာဆရာမများနှင့် အလယ်တန်းပြဆရာဆရာမများအား တစ်ဆင့်မြင့် ရာထူးတိုးမြှင့်ခန့်ထားပြီး စေလွှတ်ပေးခြင်း၊ ဆရာဆရာမများ စာသင်နှစ်အမီ မရောက်ရှိခြင်း၊ သင်ရိုးညွှန်းတမ်းများကို ကျွမ်းကျင်ပိုင်နိုင်မှုမရှိဘဲ သင်ကြားနေခြင်း၊ မလေ့လာထားသည့်သင်ရိုးများကို အခန်းကျော်ပြီးသင်ခြင်း၊ စာသင်ချိန်မပြည့်ခြင်း၊ ကျောင်းပိတ်ချိန်မရောက်ရှိဘဲ ကြိုတင်ပိတ်သွားခြင်း၊ သင်ထောက်ကူပစ္စည်းမရှိခြင်း၊ တာဝန်ကျဆရာဆရာမများ ပြည်နယ်အစီအစဉ်ကြောင့်ဟုဆိုကာ ပူတာအိုမြို့တွင် တွဲဖက်ချထားခြင်း စသည်တို့ကြောင့် ဒေသခံကျောင်းသားကျောင်းသူများသည် ပညာရေးတွင် များစွာနောက်ကျခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဖြေကြားပေးပို့သော ပညာရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်တွင် မြို့နယ်ပညာရေးမှူးရုံးအနေဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်ခြင်းနှင့် ဘာသာရပ်အလိုက် စစ်ဆေးရေးအဖွဲ့များ စေလွှတ်၍ သင်ကြားသင်ယူမှုလုပ်ငန်းများကို ကြီးကြပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း ပါရှိပါတယ်။ ယနေ့အထိ ပညာရေးမှတ်တမ်းများအရ စစ်ဆေးရေးအဖွဲ့စေလွှတ်ပြီး သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း လုံးဝမရှိခဲ့ပါ။ တစ်နိုင်ငံလုံးတွင် သင်ရိုးညွှန်းတမ်းများတစ်ခုတည်းဖြစ်သော်လည်း အရည်အချင်းရှိ ဆရာဆရာမများ သင်ကြားသင်ယူမှုအားနည်းခြင်းကြောင့် တခြားမြို့များနှင့် များစွာကွာခြားနေသည်ကို တွေ့ရှိရပါတယ်။ ယခုအတိုင်းသာ ဆက်သွားမည်ဆိုပါက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ဒေသခံကလေးများအတွက် ပညာရေးတွင် အင်မတန် ရင်လေးစရာရှိပါတယ်။ ထို့ကြောင့် ပညာရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ထူးချွန်စွာအောင်မြင်မှုရရှိရန်နှင့် ဒေသခံဝန်ထမ်းများ ထွက်ပေါ်လာစေရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ချထားပေးရန်အစီအစဉ်ရှိ/မရှိကို ပြည်သူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအာမိုးဆီရဲ့ မေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်တွင် နိမ့်ကျလျက်ရှိသော ပညာရေးကဏ္ဍ၌ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းရှိသည့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ချထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် တင်ပြပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းခွင်ရှိ ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများကို အရည်အသွေးပြည့်ဝစေရန်အတွက် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ပူးပေါင်းပြီး အရည်အသွေးမြင့်မားရေးသင်တန်းများနှင့် သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ဘာသာရပ်မွမ်းမံသင်တန်းများကျင်းပပေးပြီး အရည်အချင်းနှင့် အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအထက်တန်းကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများခန့်အပ်ရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြသည့်အတိုင်း ဒေသခံများကို ဦးစားပေးခန့်အပ်သည့်မူ ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ဒေသခံဝန်ထမ်းမရရှိပါက အခြားဒေသများမှ ပညာရေးဝန်ထမ်းများကို ၎င်းတို့၏ ဆန္ဒပြုလျှောက်ထားသည့်အပေါ် မူတည်ပြီး ရွေးချယ်ခန့်ထားပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ မြန်မာပြည်ဒေသအနှံ့ ဝေးလံခေါင်ဖျားဒေသများအတွက်ပါ ပါဝင်ပြီး ခေါင်လန်ဖူးမြို့နယ်အတွက်လည်း အပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွက် လုပ်ငန်းခွင်ကြို ဆရာအတတ်သင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၄၀၆ ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၄၃၈ ဦး လေ့ကျင့် သင်ကြားပေးနိုင်ခဲ့ပြီး လုပ်ငန်းခွင်မှာ တာဝန်ပေးနိုင်ခဲ့ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၅၂၃ ဦး လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး လာမည့်

၂၀၁၇-၂၀၁၈ အတွက် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုမှ သင်တန်းသား သင်တန်းသူ အရေအတွက် ၅၉၀ ဦး ခေါ်ယူလေ့ကျင့်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ခေါင်လန်ဖူးမြို့နယ်အတွင်း အရည်အချင်းပြည့် ဆရာဆရာမများကို အရေအတွက်သာမက ရှိရင်းစွဲ ဆရာဆရာမများကိုလည်း အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆစ်(ခ်)လူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်း ပါသည့်ဓာတ်ပုံများ ဆက်လက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်က စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ နိုင်ငံတစ်ဝန်းရှိ ဆစ်(ခ်)ဘာသာဝင် ပန်ချာပီလူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်းပါသည့်ဓာတ်ပုံများအသုံးပြုခြင်းအား ယခင်ကခွင့်ပြုခဲ့သည့်အတိုင်း ဆက်လက်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိကို သိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်၏မဲဆန္ဒနယ်မှ ဆစ်(ခ်)ဘာသာဝင် ပန်ချာပီလူမျိုးမိခင်တစ်ဦးမှ ၎င်း၏သား တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ သက်ဆိုင်ရာသို့သွားလျှောက်ရာ သက်ဆိုင်ရာမှာ ဆစ်(ခ်)လူမျိုးတို့၏ ခေါင်းပေါင်းပါဓာတ်ပုံကြောင့် ဖြေဆိုခွင့်ရရန် မသေချာကြောင်း ပြောပြီး စာမေးပွဲဝင်ခွင့်လျှောက်လွှာကို သက်ဆိုင်ရာမှ လက်တော့ခံခဲ့ပါတယ်။ တစ်ပါတည်း အောင်လက်မှတ်ထုတ်ပေးမည်မဟုတ်ကြောင်းကိုလည်း ပြောကြားလိုက်သဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှာ ကျွန်တော့်အား မိခင်မှပန်ကြားစာပေးပို့လာပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလဆန်းမှာ ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံစဉ် အဆိုပါကိစ္စအားမေးမြန်းခဲ့ရာ ခေါင်းပေါင်းပါ၍ မရကြောင်းပြောခဲ့ပါတယ်။ ကျွန်တော်မှ စမ်းချောင်းမဲဆန္ဒနယ်သို့ ပြန်ရောက်စဉ် အဆိုပါအဖြေအား ပန်ကြားသူမိခင်အား သွားရောက်ရှင်းပြခဲ့ရာ ဆစ်(ခ်)လူမျိုးမိခင်မှ ဒါဟာမဟုတ်မှန်တဲ့ကိစ္စဖြစ်ကြောင်း ၎င်း၏တူများ၊ မောင်များအားလုံး ဆစ်(ခ်)ဘာသာဝင်ပန်ချာပီခေါင်းပေါင်းနှင့် တက္ကသိုလ်မှ ရရှိသော ဘွဲ့လက်မှတ်များ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များ၊ မှတ်ပုံတင်များရှိကြောင်း ကျွန်တော့်အား အခိုင်အမာပြသခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်ပါ ရက်စွဲနှင့် ဒုတိယအကြိမ် အကူအညီ

တောင်းခံခြင်းစာကို ကျွန်တော့်ကိုအထောက်အထားအပြည့်အစုံနဲ့ ထပ်မံတင်ပြလာခဲ့ပါတယ်။ တတိယ ပုံမှန်အစည်းအဝေးကျင်းပစဉ် ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ်နဲ့ ကျွန်တော် မေးမြန်းဖို့အတွက်ကို ပေးပို့ခဲ့ပါတယ်ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလထဲမှာတော့ စမ်းချောင်း မဲဆန္ဒနယ်ကို ကျွန်တော်ပြန်ရောက်စဉ်မှာ ပန်ကြားသူမိသားစုထံမှ ဖုန်းအဆက်အသွယ်ရပါတယ်။ အဲ ဒီဖုန်းအဆက်အသွယ်အရ စာမေးပွဲဖြေဆိုခွင့်ကဒ်ပြားကို အိမ်တိုင်ရာရောက် လာရောက်လာပေးသွား ကြောင်းကို သိရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် မှာ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များဆိုတဲ့ ခေါင်းစဉ်အောက်က ပုဒ်မ ၃၆၅ မှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနု ပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းရှိ ဆစ်(ခ်)ဘာသာဝင် ပန်ချာပီလူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာနှင့် အောင်လက်မှတ်များတွင်ပါသည့် ခေါင်းပေါင်းပါသည့်ဓာတ်ပုံများ အသုံးပြုခြင်းအား ယခင်ခွင့်ပြုခဲ့သည့်အတိုင်း ဆက်လက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးရဲ့ မေးခွန်းဖြစ်သော နိုင်ငံတစ်ဝန်းလုံးရှိ ဆစ်(ခ်)လူမျိုးများအတွက် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာနှင့် အောင်လက်မှတ်များတွင် ခေါင်းပေါင်းပါသည့်ဓာတ်ပုံများ အသုံးပြုခြင်းအား ယခင် ကခွင့်ပြုသည့်အတိုင်း ဆက်လက်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြ မှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် တက္ကသိုလ်ဝင်စာပေးပွဲ

အောင်မြင်သူများ၏ အောင်လက်မှတ်များကို ထုတ်ပေးရာတွင် လိုအပ်ချက်အဖြစ် ကျောင်းသား ကျောင်းသူများမှ ကြည်လင်ပျက်သားစွာရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ၊ ခုံအမှတ်၊ စာမေးပွဲ အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ မွေးသက္ကရာဇ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် အစရှိသည့် လျှောက်လွှာပါအချက်အလက်များနှင့် စာမေးပွဲဖြေဆိုခွင့်ကဒ်ပြားပါ အချက်အလက်များကို တိုက်ဆိုင် စစ်ဆေးထုတ်ပေးလျက်ရှိပါတယ်။ ထိုသို့ စစ်ဆေးရာတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် တောင်းခံလွှာပါ ဓာတ်ပုံ၊ စာမေးပွဲဖြေဆိုခွင့် ကဒ်ပြားပါဓာတ်ပုံတို့သည် ဆံပင်၊ မျက်လုံး၊ မျက်နှာ သွင်ပြင် ပြည့်စုံစွာပေါ်လွင်ရန်လိုအပ်ပြီး ပကတိအနေအထားဖြစ်ဖို့ လိုအပ်ပါတယ်။ ခေါင်းပေါင်းဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံများသည် အထက်ပါအချက်များကို ပြည့်စုံနိုင်ဖို့ အခက်အခဲရှိပါတယ်။ ကျွန်တော်တို့ ဆစ်(ခ်)လူမျိုးများအတွက်သာမက ကျွန်တော်တို့လုပ်ငန်းလိုအပ်ချက်အရ မြန်မာမောင့် ကျက်သရေခေါင်းပေါင်း၊ ဆစ်(ခ်) လူမျိုးတို့၏ ခေါင်းပေါင်း၊ ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာ ခေါင်း ပေါင်း၊ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာခေါင်းပေါင်းအစရှိသည့် တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ရိုးရာ ခေါင်းပေါင်းနှင့် ရိုက်ကူးထားသည့် ဓာတ်ပုံများကို လုပ်ငန်းသဘောအရ အောင်လက်မှတ်မှာအသုံး ပြုခွင့်မရပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ဒီပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် များ စိစစ်ထုတ်ပေးရာတွင် ဓာတ်ပုံအသုံးပြုရာမှာ ဘာသာရေးအရခွဲခြားထားခြင်း၊ လူမျိုးရေးရာ ခွဲခြားခြင်း၊ ရာထူးအဆင့်အတန်းအရ ခွဲခြားခြင်း၊ ကျား/မခွဲခြားခြင်းအစရှိတဲ့ မည်သည့်ခွဲခြားခြင်းကိုမှ ဆောင်ရွက်ခြင်းမပြုဘဲ တန်းတူသတ်မှတ်၍ လုပ်ငန်းသဘောအရသာ မျက်နှာအသွင်အပြင်ပကတိ ပုံမှန်ကိုအသုံးပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ် မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်လက်မှတ်များမှာ ခေါင်းပေါင်းပါတဲ့ ဓာတ်ပုံမရဘူးဆိုတဲ့အတွက်ပါ၊ ကျွန်တော့်ဆီပေးပို့ထားတဲ့ အထောက်အထားတွေ ထဲမှာ ၁၉၉၆ ခုနှစ်၊ ၁၉၉၈ ခုနှစ်က ပုံတွေမှာ တက္ကသိုလ်က အောင်လက်မှတ်တွေ ထုတ်ပေးထားတာ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွေ ထုတ်ပေးထားတာ အပြည့်အစုံပါပါတယ်ခင်ဗျား။ ဒီအတွက် ကြောင့် ဘယ်နှစ်ဘယ်ကာလတုန်းက စတင်ပြီးတော့ ပြန်လည်ပိတ်ပင်ထားတယ်ဆိုတာကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ ကျွန်တော်တို့အခုတင်ပြခြင်းသည် လက်ရှိကျင့်သုံးနေသော လုပ်ငန်းသဘောသဘာဝအရ လိုအပ်ချက်ကိုတင်ပြခြင်းဖြစ်ပါတယ်။ ယခင်က ဆောင်ရွက်ပေးခြင်းသည် မည်သည့်နှစ်၊ မည်သည့်အခါအထိ ခေါင်းပေါင်းဖြင့် ခွင့်ပြုခဲ့သည်ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ပြန်လည်စိစစ်တင်ပြရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မ(၃)ထပ်ဆောင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် သုံးထပ်ဆောင်အား အပြီးသတ်ဆောက်လုပ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်းမှာဖြစ်ပါတယ်။ ရမည်းသင်းနည်းပညာတက္ကသိုလ်သံကူကွန်ကရစ် သုံးထပ်ဆောင်အား ၂၆-၆-၂၀၁၄ ခုနှစ်မှာ စတင်ဆောင်လုပ်ခဲ့ပြီးတော့ ခွင့်ပြုရန်ပုံငွေထပ်မံမရရှိတဲ့အတွက် ယနေ့အချိန်ထိ ၆၅.၇၆ ရာခိုင်နှုန်းသာ ဆောက်လုပ်ပြီးစီးပြီး ရပ်တန့်ထားရပါတယ်။ ရမည်းသင်းနည်းပညာတက္ကသိုလ်မှာ နေပြည်တော်မြို့၊ ပျဉ်းမနားမြို့၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီးတော့ ကျောင်းသားကျောင်းသူဦးရေ စုစုပေါင်း ၁၄၁၃ ဦးတက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်ခင်ဗျား။

ရမည်းသင်းနည်းပညာတက္ကသိုလ်မှာ ဌာန၊ ရုံးခန်း၊ လက်တွေ့ခန်း၊ အလုပ်ရုံအားလုံးတို့ကို တစ်ခန်းတည်းမှာ ပူးပေါင်းထားရှိပြီးဆောင်ရွက်နေရခြင်း၊ ဘာသာရပ်ဌာနအချို့ ရုံးခန်းများမရှိခြင်း၊ ကျောင်းသားများအတွက် ပုံဆွဲခန်းများမလုံလောက်ခြင်း၊ အချို့စီမံဌာနခွဲများအတွက် ရုံးခန်းစီစဉ်

မပေးနိုင်ခြင်း၊ စတိုခန်းမရှိခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရာမှာလည်းပဲ သီလဝခန်းမမှာ ငှားရမ်းအသုံးပြုရခြင်းစတဲ့ အခက်အခဲများနဲ့ကြုံတွေ့ရပါတယ်။ နည်းပညာတက္ကသိုလ်တစ်ခုရဲ့ ဂုဏ်ဒြပ်နှင့်အညီအဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် အမြန်ဆုံးဆောက်လုပ်ပြီးစီး နိုင်ရန်လိုအပ်လျက်ရှိပါတယ်။

ဒါကြောင့်မိုလို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရမည်းသင်းနည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မသုံးထပ်ဆောင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ် ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်း ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက် ပြီး မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းထွန်းဝင်းရဲ့မေးခွန်းဖြစ်သော ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် ပင်မသုံးထပ်ဆောင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မိန့်ကြားတဲ့ အတိုင်းပဲ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် သုံးထပ်ဆောင်အား၂၆-၆-၂၀၁၄ ရက်နေ့မှာ စတင်ဆောက်လုပ်ခဲ့ပြီး အဲ့ဒီဘဏ္ဍာရေးနှစ်မှာရရှိခဲ့တဲ့ ဘဏ္ဍာငွေအခြေအနေအရ ၆၅.၇၆ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။ ဒီယခုဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးအတွက် ငွေလုံးငွေရင်းရန်ပုံငွေခွဲဝေရရှိခြင်း မရှိတဲ့အတွက် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်းတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ် တော်ကြီးအမိန့်ရှိသလို ဒီတက္ကသိုလ်မှာရှိတဲ့ ကျောင်းသား၊ကျောင်းသူများ အဆင်ပြေချောမွတ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အပြီးသတ်နိုင်မှုမရှိသေးသော သုံးထပ်ဆောင်အားအပြီးသတ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားမှု

၁၈၁၄.၅၄၄ သန်းထည့်သွင်းတင်ပြပြီးဖြစ်ပါတယ်။ ဒီရန်ပုံငွေကိုလည်း နေ့ခင်းကပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော်မှ ဥကဒေကြမ်းအားအတည်ပြုပေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါ၍ ယခု ၂၀၁၇-၂၀၁၈ တွင် ပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အင်တော‌မြို့နယ်ခွဲ၊ ကျောက်ကူကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်စေရန်နှင့် ရပ်စောက်မြို့နယ်၊ ကျောက်ကူကျေးရွာအုပ်စုရှိ ကျေးရွာများ လျှပ်စစ်မီး လင်းနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ကျောက်ကူကျေးရွာအုပ်စု၊ ကျောက်ကူရွာသည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆက်သွယ်သွားလာသော ရပ်စောက်-အင်တော-ကျောက်ကူ-နောင်ချို လမ်းပိုင်းပေါ်တွင်တည်ရှိကာ ရပ်ကွက်ငါးရပ်ကွက်ဖြင့်ဖွဲ့စည်းထားပြီး တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူ့ရဲစခန်း၊ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ဈေး စသည့် အင်္ဂါရပ်များပြည့်စုံစွာရှိတဲ့ လူနေစည်ကားသောကျေးရွာကြီးဖြစ်ပြီး ကျေးရွာပေါင်း ၂၆ ရွာပါရှိသော ကျေးရွာအုပ်စုကြီးလည်းဖြစ်ပါတယ်။ ကျောက်ကူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများ ပညာရေး၊ ကျန်းမာရေးစသည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် လျှပ်စစ်မီးမဖြစ်မနေလိုအပ်နေပြီဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအပြည့်အဝ လင်းသည့် အင်တောမြို့နှင့် ၁၄ မိုင်သာ ကွာဝေးသည့်အတွက် ကျောက်ကူကျေးရွာအုပ်စုမှာရှိသော တိုင်းရင်းသားပြည်သူများမှ မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာန များနှင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထံတင်ပြတောင်းဆိုမှုများ ရှိနေကြပါတယ်။

ကျောက်ကူကျေးရွာအုပ်စု၊ ကျောက်ကူရွာတွင် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ 5 MVA ဓာတ်ခွဲရုံတစ်ရုံ၊ ဇင်းလုပ်ငန်းများနှင့် လိုအပ်သောဆက်စပ်လုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် ကျောက်ကူကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာ ၃၀ ရှိ တိုင်းရင်းသားပြည်သူ ၂၀၀၀၀ ကျော် အတွက် မီးလင်းရေးကဏ္ဍအကျိုးရှိစွာခံစားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျောက်ကူကျေးရွာအုပ်စုရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမီးလင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များရှိ/မရှိ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် မေးမြန်းသည့် အင်တောမြို့နယ်ခွဲ၊ ကျောက်ကူကျေးရွာအုပ်စု၊ လျှပ်စစ်ဓာတ်အားရရှိရန် ၆၆ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်၊ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ပေးရန်အတွက် လိုအပ်သောဘတ်ဂျက်ရန်ပုံငွေကျပ်သန်းပေါင်း ၃၇၂၆ လိုအပ်ပြီး ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ အတွင်း ဆောင်ရွက်သွားမည့် ငါးနှစ်စီမံချက်တွင် ထည့်သွင်းရေးဆွဲထားရှိပါကြောင်းနှင့် ဘတ်ဂျက်ရန်ပုံငွေရရှိသောနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒက္ခိဏသီရိမြို့နယ်ရှိ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ငွေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်းကျေးရွာများ လျှပ်စစ်မီးလင်းရေး မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က

တော့ မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှာ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၂၈ ရွာရှိပါတယ်။ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၂၀ မှာ လျှပ်စစ်မီးလင်းနေပြီး မီးလင်းရန်ကျေးရွာ ရှစ်ရွာကျန်ရှိနေပါတယ်။ အဆိုပါမီးလင်းပြီးရပ်ကွက်နှင့် ကျေးရွာများအနက် ကျေးရွာ ကိုးရွာမှာ ကိုယ့်အားကိုယ်ကိုးအစီအစဉ်ဖြင့်လည်းကောင်း၊ ကျေးရွာ ၁၀ ရွာမှာ နေပြည်တော်ကောင်စီဘတ်ဂျက်နှင့် ကျေးရွာမှထည့်ဝင်သည့်ရန်ပုံငွေများ ပေါင်းစပ်သည့် အစီအစဉ်ဖြင့်လည်းကောင်း၊ ကျေးရွာတစ်ရွာမှာ ကိုရီးယားနိုင်ငံ၏အကူအညီ SNU ကျေးရွာသစ် စီမံကိန်းမှ ထောက်ပံ့ငွေ၊ နေပြည်တော်ကောင်စီဘတ်ဂျက်နှင့် ကျေးရွာမှထည့်ဝင်ငွေများပေါင်းစပ်သည့် အစီအစဉ်ဖြင့်လည်းကောင်း မီးလင်းနေခြင်းဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က ဗဟိုအဖွဲ့အစည်းရဲ့လုပ်ကိုင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း၊ ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း၊ ကိုင်းပလွေးသစ်တောကြိုးဝိုင်းကွင်းအမှတ်(၁)၊ (၂)၊ (၃)၊ (၈)၊ (၉)နှင့် (၁၉)တို့ကို ဖျက်သိမ်းပြီးတော့ စိန်တလုံးသရက်ဇုန်စီမံကိန်းအဖြစ် ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်း ၆၉ ခုတို့ကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ လုပ်ကိုင်ခွင့်ပြုခဲ့သည့် ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်း ၆၉ ခုအနက် ၁၀ ခုမှာ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မီးများရရှိနေပြီး မြေသိမ်းဆည်းခံဒေသခံပြည်သူတို့နေထိုင်ရာ ကျေးရွာများမှာ ယခုအထိ လျှပ်စစ်မီးမရရှိသေးပါ။ လုပ်ကိုင်ခွင့်ရ လုပ်ငန်းရှင်များသည် ပတ်ဝန်းကျင်ဒေသခံပြည်သူများအပေါ် လူမှုဘဝဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ဝတ္တရားများရှိပါတယ်။ နေပြည်တော်ကောင်စီရဲ့ ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်းအသုံးစရိတ် ကျေးရွာမီးလင်းရေးလုပ်ငန်းများတွင်လည်း ဒက္ခိဏသီရိမြို့နယ်မှ ကျေးရွာများပါဝင်ခဲ့ခြင်းမရှိပါ။ မီးလင်းရန်ကျန်ရှိနေတဲ့ ကျေးရွာ ရှစ်ရွာမှ ပြည်သူတို့မှာ လုပ်ပိုင်ခွင့်ရလုပ်ငန်းရှင်များရဲ့ ဒေသခံပြည်သူများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့်တာဝန်ဝတ္တရားများအရလည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့်အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ကျေးရွာများမှထည့်ဝင်သည့်ရန်ပုံငွေများ ပေါင်းစပ်ဆောင်ရွက်သည့်အစီအစဉ်ဖြင့်လည်းကောင်း လျှပ်စစ်မီးလင်းလိုနေကြပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်အတွင်း လျှပ်စစ်မီးလင်းရန်ကျန်ရှိနေတဲ့ ကျေးရွာရှစ်ရွာဖြစ်တဲ့ မန်ကျီးကုန်း၊ ပိတောက်ကုန်း၊ ဝေးတောက်ရိုး၊ ဆည်စု၊ သာယာစု၊ ရွှေခဲအင်း၊ ကျွဲတဲနှင့် ကျောက်ခဲအင်းကျေးရွာများမှ ကျေးရွာများ လျှပ်စစ်မီးလင်းရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်

ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒက္ခိဏသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း မေးမြန်းသည့်မေးခွန်းပါ ကျေးရွာရှစ်ရွာအနက် မန်ကျီးကုန်းရွာ၊ ငွေးတောက်ရိုးကျေးရွာနှင့် ပိတောက်ကုန်းကျေးရွာများသည် လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်း ကွာဝေးသောကျေးရွာများဖြစ်သည့်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)၏ ပထမအဆင့်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ဆည်စုကျေးရွာ၊ သာယာစုကျေးရွာ၊ ရွှေခဲအင်း၊ ကျွဲတဲကျေးရွာနှင့် ကျောက်ခဲအင်းကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီသို့ ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဝါးပိုးရေ၊ ညောင်ခြေထောက်၊ သက်ကယ်လွင်၊ ယစကျီ၊ ဂနိုင်ယား၊ လင်းလေအင်း၊ မဲနယ်တောင်ကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ ခုနစ်ရွာ လျှပ်စစ်မီးရရှိရေးအတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဝါးပိုးရေ၊ ညောင်ခြေထောက်၊ သက်ကယ်လွင်၊ ယစကျီ၊ ဂနိုင်ယား၊ လင်းလေအင်း၊ မဲနယ်တောင်စတဲ့ ကျေးရွာခုနစ်ရွာမှာ အိမ်ခြေအိမ်ထောင်စုပေါင်း ၁၀၃၉ အိမ်၊ လူဦးရေစုစုပေါင်း ၅၂၉၀ ဦး ခန့်နေထိုင်လျက်ရှိပြီး ဓနု၊ ပအိုဝ်း၊ ပလောင်တိုင်းရင်းသားများ နေထိုင်သော ကျေးရွာများဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများဟာ လက်ဖက်၊ ဂျုံးစတဲ့သီးနှံများကို အဓိကလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ပြီး တောင်ပေါ်ဒေသနေကျေးရွာများဖြစ်၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်များစွာလိုအပ်လျက်ရှိပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရန်လိုအပ်လျက်ရှိပြီး လျှပ်စစ်မီးရရှိပါက အဓိကသုံးစွဲနေတဲ့ ထင်းလောင်စာခုတ်ယူသုံးစွဲမှုများ လျော့ကျနိုင်မှာဖြစ်သဖြင့် သဘာဝရေထွက်များ၊ သစ်တောများကို ကာကွယ်ထိန်းသိမ်းရာမှာ များစွာအထောက်အကူဖြစ်လာမှာဖြစ်ပြီး ကျေးလက်နေပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်း၊ ဆင်းရဲမှုလျော့ချရေး အထောက်အကူပြုစေခြင်းစတဲ့ အကျိုးကျေးဇူးများကို ရရှိနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာခုနစ်ရွာ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း မေးမြန်းသည့်မေးခွန်းအား ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယနှင့် ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေအား ဂျာမနီနိုင်ငံ KFW ဘဏ်၏ ချေးငွေအစီအစဉ်ဖြင့် ရယူဆောင်ရွက်သွားရန် စီစဉ်ထားသော စီမံချက်တွင် လျာထားပြီးဖြစ်ကာ ယနေ့ဆောင်ရွက်သည့် ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြထားခဲ့ပြီးဖြစ်ပါတယ်။ ဝါးပိုးရေကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာ၊ သက်ကယ်

လွင်ကျေးရွာ၊ ယစကျီကျေးရွာ၊ ဂနိုင်ယားကျေးရွာ စုစုပေါင်းကျေးရွာ ငါးရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဘတ်ဂျက်ရန်ပုံငွေကျပ်သန်းပေါင်း ၇၀၈ သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေထည့်သွင်း လျာထားပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**မိုးနဲမြို့နယ် ဓာတ်အားခွဲရုံမှ သွယ်တန်းရယူထားသော (11 KVA) ဓာတ်အားလိုင်းနေ့စဉ်ရက်ဆက် ဓာတ်အားပြတ်တောက်မှုကို မည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်းနှင့် လင်းခေးမြို့နယ်၊ နမ့်တွန်ဓာတ်အား ခွဲရုံမှ သွယ်တန်းရယူမည့် (33 KVA) ဓာတ်အားလိုင်းဆောင်ရွက်ပြီးစီးမှုကို သိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ် မဲဆန္ဒရှင်ပြည်သူအချို့ များကိုယ်စား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်စပ်လျဉ်းတဲ့မေးခွန်းနှစ်ခုကို မေးမြန်းခွင့်တောင်းခံအပ် ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်ကို ပေးပို့ဖြန့်ဖြူးထားတဲ့ 11 KV ဓာတ်အားလိုင်းဟာဆိုရင် ၂၇ မိုင်ရှည်လျားပြီးတော့မှ ကျိုင်းတောင်းရေအားလျှပ်စစ်ကနေ သွယ်တန်း ထားတာဖြစ်ပါတယ်။ ဒီ 11 KV လိုင်းရဲ့ထူးခြားချက်ကတော့ မီးမကြာခဏပျက်တတ်ခြင်းဖြစ်ပါတယ်။ တစ်ခါတစ်ရံ သုံး၊ လေးရက်ကြာမီးပျက်တတ်ပြီး တစ်ခါတစ်ရံ တစ်နေ့ကို သုံး၊ လေးကြိမ်ပျက် တတ်ပါတယ်။ မနေ့က ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တင်ပြဆွေးနွေးခဲ့သလိုပဲ ၂၀၁၆ ခုနှစ် ၁၁ လပိုင်းမှာ နှစ်စဉ်ဆက်ရက်မီးပျက်များတဲ့အတွက်၊ အကြိမ်ရေများလွန်းတဲ့အတွက် မြို့ခံလူထုမှ ဆန္ဒ ထုတ်ဖော်မည့်အဆင့် ဖြစ်ခဲ့ဖူးပါတယ်။ မီးပျက်ပါက မိမိတို့မြို့နယ်မှ လျှပ်စစ်ဝန်ထမ်းများအပြင် မိုးနဲမြို့နယ်မှ လျှပ်စစ်ဝန်ထမ်းများတောနင်း၍ ပြစ်ချက်ရှာဖွေပြုပြင်ကြပါတယ်။ မီးလိုင်းပြုပြင်ရင်း မိုးနဲမြို့နယ်က ဝန်ထမ်းတစ်ဦးဓာတ်လိုက်ပြီး ဆုံးပါးခဲ့ရဖူးပါတယ်။ ဒါကြောင့် 11 KV လိုင်း မကြာခဏ ပြတ်တောက်ခြင်းနဲ့ပတ်သက်ပြီးတော့မှ ဘယ်လိုဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို ပထမမေးခွန်းအနေ

နဲ့ မေးမြန်းလိုပါတယ်။ ဒုတိယအနေနဲ့ ကျွန်တော်တို့မောက်မယ်မြို့နယ်ကို နောက်ထပ်လျှပ်စစ်ဓာတ်အားပံ့ပိုးပေးမယ့် 33 KV ဓာတ်အားလိုင်းတစ်ခုကို ၁၃ မိုင်ဝေးကွာတဲ့ လင်းခေးမြို့နယ် ဝမ်ဟတ်(နမ့်ပန်)ဓာတ်အားခွဲရုံကနေ သွယ်တန်းပေးမှာဖြစ်ပါတယ်။ 33 KV လိုင်း တိုးချဲ့တပ်ဆင်ပေးဖို့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ကျွန်တော်တင်ပြခဲ့ပြီးတော့ ဒီလုပ်ငန်းကို ၂၀၁၅-၂၀၁၆ မှာ စတင်အကောင်အထည်ဖော်နိုင်ခဲ့ပေမဲ့ ယနေ့ထိ လျှပ်စစ်မီး မဖြန့်ဝေနိုင်သေးပါဘူးခင်ဗျား။ Power Point အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့မောက်မယ်မြို့နယ်ကနေ ၁၃ မိုင်ဝေးကွာတဲ့ လင်းခေးမြို့နယ်အပိုင်း ဝမ်ဟတ်(နမ့်တွန်)ဓာတ်အားခွဲရုံဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျွန်တော်တို့ မောက်မယ်မြို့နယ် တောင်ပေါ်ဒေသမှာ သွယ်တန်းထားတဲ့ 33 KV ဓာတ်အားလိုင်းဖြစ်ပါတယ်ခင်ဗျား။ ဒါက တောင်တန်းပေါ်မှာဖြစ်တဲ့အတွက် တောင်တန်းကနေမြင်ရတဲ့ရှုခင်းဖြစ်ပါတယ်။ ဒါကတော့ မြေပြန့်ပိုင်းဖြစ်သွားပါတယ်ခင်ဗျား။ နမ့်တွန်ဓာတ်အားခွဲရုံကနေ ၅.၃ မိုင်လုပ်ငန်းခွင်မှာ မိုးကောင်းလယ်ဖြစ်ပါတယ်ခင်ဗျား။ မိုးကောင်းလယ်ကို သာမန်ချိန်မှာ မိုးရေမရှိပါဘူး။ မိုးရေရွာမှ လုပ်ဆောင်ရတဲ့နေရာဖြစ်ပါတယ်။ ဒါကို ကုမ္ပဏီတစ်ခုကနေပြီးတော့မှ လျှပ်စစ်မီးလိုင်းတွေကို လယ်ကွက်ထဲမှာချလိုက်တယ်။ ချပြီးမှ ဓာတ်လိုင်းအားတွေ ကြိုးတွေဘာတွေတင်လိုက်တယ်။ မိုးရွာချိန်ကျတော့ မိုးရွာတဲ့အခါကျတော့ ရေရဲ့လယ်ကွင်းဖြစ်သွားပါတယ်ခင်ဗျား။ ဒါနဲ့ဓာတ်အားလိုင်းဓာတ်တိုင်တွေ လဲပြိုတာအများအပြား ၁၈ တိုင်လောက်ရှိပါတယ်။ ဒါကို ဒေသခံတွေက ဖယ်ရှားထွန်ယက်စိုက်ပျိုးခဲ့ရတယ်။ တစ်ရာသီကုန်ဆုံးခဲ့ပြီးဖြစ်ပါတယ်။ ဒါက လက်ရှိနောက်ဆုံးအနေအထားမှာပြီးခဲ့တဲ့ ၂၅ ရက် ဇန်နဝါရီလပိုင်းမှာ ကုမ္ပဏီက ပြန်လည်ပြီးတော့မှ ဒီအစွန်းကိုလယ်ကွင်းရဲ့အစပ်ကို ရွှေ့ပြီးမှ အုတ်ဖိနပ်တွေနဲ့ အခိုင်အမာပြန်ဆောက်လုပ်ထားတာကို တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ဒုတိယမေးခွန်းအနေနဲ့ ဒီကာလကြာမြင့်ပြီဖြစ်တဲ့အတွက် 33 KVA ဓာတ်အားလိုင်းကနေပယ်ချိန်မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မလဲဆိုတာကို လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းသည့် မိုးနဲမြို့နယ် ဓာတ်အားခွဲရုံမှ သွယ်တန်းထားသော 11 KV ဓာတ်အားလိုင်း မကြာခဏ ဓာတ်အားပြတ်တောက်ရခြင်းနှင့် မည်ကဲ့သို့ကုစားဆောင်ရွက်မည်။ ထို့အပြင် နမ့်တွန်ဓာတ်ခွဲရုံမှ သွယ်တန်းမည့် 33 KV ဓာတ်အားလိုင်းမည့်သည့်အချိန်တွင် တည်ဆောက်ပြီးစီးနိုင်မည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လက်ရှိတည်ဆောက်ဓာတ်အားပေးထားရသည့် 11 KV လိုင်းမှာ ၂၅ မိုင်ကျော် ရှည်လျားပြီး အလွန်သစ်ပင်လျှိုမြောင်ထူထပ်သည့် တောတောင်များကြားမှ ဖြတ်သန်းပြီးခက်ခက်ခဲခဲ တည်ဆောက်ထားရတဲ့အတိုင်းဖြစ်ပါတယ်။ မိုးရာသီတွင် သဘာဝအလျောက် ဝါးပျံများက အလွန်ရှည်လျားလာခြင်း၊ သစ်ပင်သစ်ကိုင်းခတ်များက လျင်မြန်စွာကြီးထွားလာပြီးတော့ ဓာတ်အားလိုင်းပေါ်မှာ သက်ရောက်၊ ကျရောက်မှုများဖြစ်တဲ့အတွက်ကြောင့် ဓာတ်အားပြတ်တောက်မှုများ မကြာခဏ ဖြစ်ပေါ်ရခြင်းဖြစ်ပါတယ်။ အဆိုပါ 11 KV ဓာတ်အားလိုင်းကို တောတောင်များအတွင်းမှာ သစ်ပင်သစ်ကိုင်းများကို သျှိုမြောင်များအတွင်းမှာ ခုတ်ထွင်ရှင်းလင်းတဲ့လုပ်ငန်းများကို နိုင်နင်းစွာပြုလုပ်နိုင်မှ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းသက်သာသွားမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများကိုလည်း ဒေသခံများနဲ့ ဝန်ထမ်းများပူးပေါင်းပြီးကြိုးပမ်းဆောင်ရွက်ထားတဲ့အတွက်ကြောင့် အခြေအနေများစွာ တိုးတက်ကောင်းမွန်နေတာဖြစ်ပါတယ်။ ဗို့အားပိုမိုပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီးတော့ 33 KV နမ့်တွန်-မောက်မယ်ဓာတ်အားလိုင်း ၁၉ မိုင်ကို တည်ဆောက်ပေးရမှာဖြစ်ပြီး လက်ရှိ ၁၃ မိုင် တည်ဆောက်ရေးလုပ်ငန်းအား ဘတ်ဂျက်ခွင့်ပြုငွေရရှိပြီး ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ လက်ကျန်ဆက်လက်တည်ဆောက်ပေးရမယ့် ဓာတ်အားလိုင်း ခြောက်မိုင်အား ၂၀၁၇ ခုနှစ် မတ်လအကုန်တွင် ပြီးစီးနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ထိုဓာတ်အားလိုင်းပြီးစီးလာပါက မောက်မယ်မြို့မှာရှိတဲ့ 33 KV, 11 KV, 5 MVA ဓာတ်အားခွဲရုံမှ ဗို့အား ပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးဟာ ဒီနေ့ပြီးဆုံးမှာဖြစ်ပါတယ်။ ၃၀-၁-၂၀၁၇ ရက်နေ့က စတင်ကျင်းပခဲ့တဲ့ စတုတ္ထပုံမှန်အစည်းအဝေးဟာ ဒီနေ့ဆိုရင် (၁၉)ရက်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်းမှာ ကြယ်ပွင့်ပြမေးခွန်း ၉၂ ခု မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၃၄၉ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆို ၁၄ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ၆ ခု၊ မှတ်တမ်းတင်အဆို ၅ ခုနှင့် ဆက်လက်ဆွေးနွေးရန် ကျန်အဆို ၃ ခုတို့ဖြစ်ကြပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ဆွေးနွေးဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း ၁၉ ခုရှိပြီး ဥပဒေကြမ်း ၉ ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆောင်ရွက်ရန် ကျန်ဥပဒေကြမ်း ၁၀ ခုရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော်ကော်မတီ ၁၄ ခု သက်တမ်းတိုးမြှင့်ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦးတို့ကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦးကို ကော်မတီအဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦးကို ကော်မတီပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦးကို ကော်မတီအသီးသီးမှာ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့လျှောက်လှမ်းခဲ့ကြတဲ့ ဒီမိုကရေစီခရီးလမ်းဟာ ကာလရှည်ကြာစွာ ရုန်းကန်လှုပ်ရှားခဲ့ကြရပါတယ်။ ပြင်းပြတဲ့စိတ်ဓာတ်နှင့် မလျှော့သောဇွဲလုံ့လတွေကြောင့်သာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို ရောက်ရှိကြတာဖြစ်ပါတယ်။ ပြည်သူများမျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီပန်းတိုင်ကိုရောက်ရှိနိုင်ဖို့ ကျွန်တော်တို့ ရှေ့သို့ခရီးဆက်ကြရဦးမှာဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့ လွှတ်တော်ရဲ့အဓိကလုပ်ငန်းတာဝန်တွေကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေမှာ အဓိကတာဝန်ရှိပါတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနဲ့ လွှတ်တော်ရဲ့စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းလိုက်နာပြီး မဲဆန္ဒရှင်ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ၊ ဆန္ဒတွေကို တာဝန်ကျေပွန်စွာ ဆက်လက်ထမ်းဆောင်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

**မူကြမ်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ကြရာမှာ စေတနာကောင်းတစ်ခုတည်းနဲ့ မအောင်မြင်နိုင်ဘူးဆိုတာ အမြဲသတိပြုကြရမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ပညာ၊ ဗဟုသုတ၊ အတွေ့အကြုံ၊ ဆင်ခြင်တုံတရားနဲ့ ကောင်းမွန်တဲ့လုပ်ဆောင်မှုတွေ၊ မှန်ကန်တဲ့ လုပ်နည်းလုပ်ဟန်တွေကို ပေါင်းစပ်အသုံးချနိုင်မှသာ နိုင်ငံတော်နှင့်နိုင်ငံသူနိုင်ငံသားတို့အတွက် အကျိုးရှိတဲ့ရလာဘ်ကောင်းတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့အားလုံး စစ်မှန်တဲ့ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြ ရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့စည်းလုံးညီညွတ်မှုအင်အားနဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမယ့် အထူးကိစ္စကတော့ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ပဲဖြစ်ပါတယ်။ ယနေ့တိုင် ဖြေရှင်းလို့မပြီးပြတ်သေးတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဟန်ချက်တွေပျက်ယွင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျခဲ့ရပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိဖို့အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုများနှင့် ပြည်ထောင်စုကြီးရဲ့အကျိုးကိုမျှော်ကိုးပြီး ညှိနှိုင်း ဆွေးနွေးအဖြေရှာကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ မိမိတို့ ရဲ့ဒေသအသီးသီးကို ပြန်လည်ရောက်ရှိတဲ့ကာလအတွင်းမှာ ဒေသဖွံ့ဖြိုးရေးကိစ္စတွေကို စေတနာ အပြည့်နဲ့ ပူးပေါင်းဆောင်ရွက်ကြပါ။ သက်ဆိုင်ရာဒေသနယ်ပယ်အလိုက် အုပ်ချုပ်ရေးနှင့်တရား စီရင်ရေးကဏ္ဍတွေ တည့်မတ်မှန်ကန်အောင်(Parliamentary Oversight)အဖြစ် လွှတ်တော်က စောင့်ကြည့်ထိန်းညှိပေးကြပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ကိုလည်း ပြုလုပ် ပေးကြပါ။ ဒီလို Check and Balance အပြန်အလှန်ထိန်းကျောင်းခြင်းပြုလုပ်တဲ့နေရာမှာ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်တဲ့ပုံစံမျိုးမဖြစ်ရအောင်လည်း သတိပြု ဆောင်ရွက်ကြပါ။ ပြည်သူက ယုံကြည်အားကိုးတန်ဖိုးထားလေးစားတဲ့ လွှတ်တော်ကိုယ်စားလှယ် များဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြပါ။ ကိုယ်စားလှယ်များရဲ့ခရီးလမ်းသာယာဖြောင့်ဖြူးပြီး ဘေးအန္တရာယ်ကင်းကြပါစေ၊ မိသားစုများပျော်ရွှင်ချမ်းမြေ့ကြပါစေ။ လာမယ့် ပဉ္စမပုံမှန်အစည်း

အဝေးမှာ ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့အစည်းအဝေးရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၅း၄၅ နာရီအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးပါသည်။]

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ (၁၇.၃.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုဝန်ကြီးများ



ဦးအာမိုးဆီ (ခေါင်လန်ဖူး မဲဆန္ဒနယ်)



ဦးဘိုဘိုဦး (စမ်းချောင်း မဲဆန္ဒနယ်)



ဦးထွန်းထွန်းဝင်း (ရမည်းသင်း မဲဆန္ဒနယ်)



ဦးခင်မောင်မြင့် (ရပ်စောက် မဲဆန္ဒနယ်)



ဦးသန့်ဇင်ထွန်း (ဒက္ခိဏသီရိ မဲဆန္ဒနယ်)



ဦးအောင်စိုးမင်း (ရွာငံ မဲဆန္ဒနယ်)



ဦးစိုင်းဝေါင်းဆိုင်ဟိန်း (မောက်မယ် မဲဆန္ဒနယ်)



ဦးဝင်းမော်ထွန်း (ပညာရေး ဒုဝန်ကြီး)



ဒေါက်တာထွန်းနိုင် (လျှပ်စစ်နှင့်စွမ်းအင် ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်